သခင့်စကား
ဝိညာဉ်ရေးဂျာနယ်စောင်

ငါပြောသော စကားကို သင်တို့သည် အစဉ်းချင်း ဆင်ခြင်ကြသလော။ ယော ၁၆ : ၁၉

အမှတ်စဉ် (၃၆) | ဩဂုတ်လ | ၂၀၀၇ ခုနှစ် | ဓမ္မဒါန ( လစဉ် ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ ဖြန့်ချီသည် )

# ယုံကြည်ခြင်းသည်ဘုရားသခင်ကိုမှောင်မိုက်ထဲမှာပင်စမ်းသပ်ကိုင်တွယ်နိုင်ခြင်းဖြစ်သည်



ဘုရားသခင် ကျွန်မတို့ အနားမှာ မရှိတော့ဘူးလို့ ခံစားမိခဲ့ဖူးပါသလား။ ဘဝလမ်းခရီးဟာ ခက်ခဲကြမ်းတမ်း မှောင်မိုက်နေချိန်မှာ ဘုရားသခင်ဟာ စွန့်ပစ်မျက်နှာလွှဲသွားပြီလို့ ခရစ်ယာန် တော်တော်များများ ထင်မိကြပါတယ်။ ဒါပေမဲ့ ကျွန်မတို့ရဲ့ ထင်မြင်ချက်ဟာ အမှားကြီး မှားပါတယ်။ ဘုရားသခင်ဟာ ကျွန်မတို့ အနားမှာ အမြဲရှိပြီး မှောင်မိုက်ထဲမှာပင် ကျွန်မတို့ရဲ့ လက်ကို မြဲမြဲစွာ ဆုပ်ကိုင်ထားတယ်ဆိုတာ ယုံကြည်ပါ။ မမြင်ရသော မှောင်မိုက် ခရီးလမ်းဖြစ်နေလဲ ယုံကြည်ခြင်းဖြင့် ရဲဝံ့စွာ ရှေ့ဆက်လှမ်းပါ။

**ဘုရားသခင်ဟာ သင့်ရဲ့အနားမှာ အတူရှိလျှက် မျက်ရည်ကျနေတာကို –**

ဟေဗြဲ ၁၁း၁ ယုံကြည်ခြင်းသည် မြော်လင့်သော အရာတို့ကို မျက် မှောက်ပြုခြင်း ဖြစ်၏။ မမြင်သေးသော အရာတို့ကို သိမှတ် စွဲလမ်းခြင်း အကြောင်းဖြစ်၏။


ဥပမာအနေနဲ့ ပြောရရင် မိသားစုထဲက တစ်စုံတစ်ဦး တိမ်းပါးသွားတဲ့အခါ ဘုရားသခင်ကို မေးခွန်းထုတ်မိ ပါလိမ့်မယ်။ ခက်ခဲတဲ့ အချိန်မှာ ဘုရားသခင်ကို မမြင်မိကြဘူး။ ဒါပေမဲ့ ဘုရားသခင်ဟာ သင့်ရဲ့ အနားမှာ အတူရှိလျှက် မျက်ရည်ကျနေတယ်ဆိုတာကို သင်သိပါသလား။

ရောမ ၄း၁၉–၂၁ မှာ ဘုရားသခင်က အာဗြဟံကို တ္တသရေလ လူမျိုးတွေရဲ့ အဖဖြစ်ရမယ်လို့ မြော်လင့်စရာ အကြောင်းမရှိဘဲ ၊ မြော်လင့်ချက်ပေးခဲ့တယ်။ အာဗြဟံကလဲ ယုံကြည်ခြင်း အားကြီးတဲ့အတွက် သူ့အသက် တစ်ရာလောက် အိုမင်းနေတာကိုတောင် သတိမရတော့ဘဲ၊ မိမိလဲ အသေကောင်။ စာရာရဲ့ ဝမ်းလဲ သေနေတယ်ဆိုတာကို မအောက်မေ့တော့ဘဲ ယုံမှားသော စိတ်နှင့်ကင်း၍ ဘုရားသခင်၏ ကတိတော်ကို တွေးတောခြင်းမရှိ၊ ယုံကြည်အားကြီးသဖြင့် ဘုရားသခင်ကို ချီးမွမ်း၍ ကတိထားတော်မူသောသူသည် ကတိတော်အတိုင်း တတ်နိုင်တော်မူသည်ကို စိတ်စွဲလန်းခဲ့ပါတယ်။

မှောင်မိုက်သောအချိန်၊ မြော်လင့်ချက်မဲ့သော အချိန်မှာ အာဗြဟံဟာ ယုံကြည်ခြင်း အားကြီးလျက် ဘုရားသခင်ကို ချီးမွမ်းသလို ကျွန်မတို့ အယောက်စီတိုင်းလဲ ယုံကြည်ခြင်းဖြင့် မြော်လင့်ချီးမွမ်းကြပါစို့လား။ ။

နန်းစင်ဖြူ (၅–၇–၀၇)

oooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooo



# ကျေးဇူးတော်သည်အံ့ဖွယ်ရာတည်း

တောင်း

**တောင်းကြလော့၊ တောင်းလျှင်ရမည်။ ရှာကြလော့၊ ရှာလျှင်တွေ့မည်။ တံခါးကို ခေါက်ကြလော့၊ ခေါက်လျှင်ဖွင့်မည်။ တောင်းသောသူမည်သည်ကား ရ၏၊ ရှာသောသူလည်း တွေ့၏၊ ခေါက်သောသူအားလဲ တံခါးကို ဖွင့်၏။ ရှင်လုကာ၊ ၁၁း၉–၁၀**

ဒီကျမ်းပိုဒ်လေးကို လူတိုင်း သိကြသလို စာရေးသူ ကိုယ်တိုင်လဲ သိဖူးနေခဲ့တာကြာပါပြီ။ ဒါပေမဲ့ ဒီကျမ်းပိုဒ်ရဲ့ အဓိပ္ပါယ် လေးနက်ချက်ကို သတိမပြုမိခဲ့ပါဘူး။ အမှန်အတိုင်း ဝန်ခံရမယ်ဆိုရင်၊ လိုချင်တဲ့အရာလေးတွေရှိရင် ဆုတောင်း ဝတ်ပြုတဲ့အချိန်မှာ တောင်းလိုက်တာပါဘဲ။ ပြီးရင် အလေးမထားမိပါဘူး။ တခါတလေမှာ တောင်းလို့ရတာရှိသလို၊ မရတာလဲ ရှိပါတယ်။

ဆုတောင်းပြည့်သွားပေမဲ့လဲ ကျေးဇူးတော်ချီးမွမ်းဖို့ သတိမရတာတွေလဲ ရှိပါတယ်။ ဝမ်းသာ ဝမ်းမြောက်ခြင်းရှိပေမဲ့ ဘုရားသခင်ပေးလို့ရတာ ဆိုတဲ့အချက်ကို သတိမရခဲ့ပြန်ပါဘူး။ ဒီလိုဘဲ နေလာခဲ့တဲ့ ကျွန်မအတွက် ဇွန်လ ၂၉ရက်နေ့မှာ အခက်အခဲတစ်ခုကို တွေ့ရပါတယ်။ ကျွန်မ အလုပ်လုပ်တဲ့အိမ်မှာ အလုပ်အများဆုံးနေ့ဟာ အဲဒီ ၂၉ရက်နေ့ဖြစ်ပါတယ်။

အဲဒီနေ့မှာ ကျွန်မ အိမ်သန့်ရှင်းရေးနဲ့ အိပ်ယာခင်းတွေကို အသစ်လဲ၊ အဟောင်းတွေကို လျှော်ရပါတယ်။ အိပ်ယာခင်းနဲ့ အဝတ်တွေကို အဝတ်လျှော်စက်နဲ့ လျှော်တဲ့အချိန်မှာ စက်ပျက်သွားပါတယ်။ ကျွန်မ အရမ်း စိတ်ပူသွားမိပါတယ်။ ကိုယ့်အစွမ်းအစနဲ့ ဟိုပြင်ဒီပြင် လုပ်ကြည့်ပေမဲ့ မထူးလာပါဘူး။ အဝတ်လျှော်စက်ဟာ ကျွန်မရဲ့ ပေါ့ဆမှုကြောင့် ပျက်ရတယ်ဆိုတာကို ကျွန်မက လွဲပြီး ဘယ်သူမှ မသိပါဘူး။ ပြီးခဲ့တဲ့ လကဘဲ ကျွန်မ စိုက်ထားတဲ့ ပန်းအိုးလေး လေပြင်းတိုက်ချိန်မှာ ပြုတ်ကျသွားလို့အောက်အိမ်က တံစက်မြိတ်ကျိုးသွားတဲ့အတွက် အောက်ထပ်က အိမ်ရှင်ကို ကျွန်မရဲ့ ဆရာက ဒေါ်လာ ၃၈၀ လျှော်ကြေးပေးလိုက်ရပါတယ်။

အခုတစ်ခါထပ်ပြီး ပိုက်ဆံကုန်ပေါက် တစ်ပေါက် ကျွန်မကြောင့် တိုးလာခဲ့ပြန်တာမို့ ဒီတစ်ခါကျမဲ့ ကုန်ကျစရိတ်ကို ကျွန်မ စိုက်ထုတ်ပေးဖို့ ဆုံးဖြတ်ထားပါတယ်။ ကြာသပတေးနေ့မှာ စက်ပြင်ဆရာလာပါတယ်။ စက်က **pump** ကျိုးသွားတဲ့အတွက် ပြင်ခ ၁၅၂ဒေါ်လာ ကျပါတယ်။ အကယ်၍ အထဲက **main** စက်ပါ ပျက်ရင် နောက်ထပ် ၂၀၀နီးပါး ထပ်ကုန်မယ်လို့ပြောပါတယ်။ ဒီနေ့အဖို့တော့ သူ့ဆီမှာ **pump** အပို ပါမလာတဲ့အတွက် မနက်ဖြန်မှပြန်လာမယ်။ ကျွန်မ **Boss** ဆီက မနက်ဖြန် သူလာရင်ပေးဖို့ ဒေါ်လာ ၃၅၀ တောင်းထားပါလို့ မှာလိုက်ပါတယ်။

ကျွန်မ မျက်ဖြူဆိုက်သွားပါတယ်။ သူတောင်းတဲ့ ပြင်ခက ကျွန်မရဲ့ လစာနီးနီး ကပ်နေပြီ။ အခုအချိန်မှာ ကျွန်မရဲ့ ညီမတစ်ယောက် စင်ကာပူကိုလာနိုင်ဖို့ ကျွန်မ ပိုက်ဆံစုနေတဲ့ အချိန်လည်းဖြစ်နေတော့ ကျွန်မ တော်တော် စိတ်မကောင်းဖြစ်မိတယ်။ ကျွန်မလည်း ဆရာမကို ခေါ်ပြီး စက်ပြင်ဆရာ ပြောတဲ့အတိုင်း ပြောပြလိုက်တယ်။ ဆရာမက အိုကေ သူပေးမယ်တဲ့၊ ဒါပေမဲ့ ကျွန်မ လုံးဝစိတ်မပျော်တော့ပါဘူး။ ဒါနဲ့ ကျွန်မ ဒူးထောက်မျက်ရည်ကျပြီး ဆုတောင်းမိတယ်။ ဒီတစ်ခါဆုတောင်းခြင်းဟာ ကျွန်မ ဘဝမှာ စိတ်အပါဆုံးနဲ့ အလိုအပ်ဆုံး အချိန်ဆိုတာ သိလိုက်မိတယ်။ ဆုတောင်းပြီးတာနဲ့ ကျွန်မ အဝတ်လျှော်စက်ဆီကို ပြန်သွားပြီး ဟိုစမ်းဒီစမ်း လျှောက်လုပ်မိပါတယ်။

စက်ဟာ တဖြည်းဖြည်းနဲ့ ပြန်ပြီးလှုပ်ရှား လာပါတယ်။ နောက်ဆုံးမှာ စက်ဟာ ပုံမှန်အတိုင်း ပြန်လည် အလုပ်လုပ်ပါတော့တယ်။ ဒီအချိန်မှာ ကျွန်မ အရှင်းလင်းဆုံးနဲ့ အမှန်ကန်ဆုံး သိလိုက်ရတာကတော့ ကျွန်မတို့ ကိုးကွယ်နေတဲ့ ဘုရားရှင်ဟာ အသက်ရှင်တဲ့ ဘုရားဖြစ်တယ်။ ကျွန်မတို့ရဲ့ လိုအပ်ချက်တွေကို လိုအပ်တဲ့အချိန်မှာ အချိန် မရွေ့ဆိုင်းဘဲ ကူညီတယ်ဆိုတာကို ကျွန်မ ရဲဝံ့စွာ သက်သေခံချင်ပါတယ်။ ဘယ်သူတွေ ဘာဖြစ်တယ် ပြောပြော လူမတတ်နိုင်တဲ့ အရာကို ဘုရားရှင် တတ်နိုင်ပါတယ်။

ဒါကြောင့် ညီအစ်ကို မောင်နှမ အပေါင်းအသင်းတို့ရဲ့ လိုအပ်ချက်တွေကို ဘုရားသခင်ထံမှာ စိတ်နှလုံးနှိမ့်ချပြီး တောင်းဆိုကြပါ။ အဲဒီ အချိန်အခါမှာ သိလာရမဲ့ အရာကတော့ "ကျေးဇူးတော်သည် အံ့သြဘွယ်ရာတည်း" ဆိုတာပါဘဲ။ ။

ခရစ်တော်၏ ချစ်ခြင်း၌ – မေဂျွန်

oooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooo

## "ဖြစ်ရလေ ဘဏ္ဍာထိန်းရယ်"

တရံရောအခါက – နိုင်ငံရပ်ခြားသို့ အလုပ်လုပ်ရန် ရောက်နေသော မြန်မာတိုင်းရင်းသား ခရစ်ယာန်လူငယ်တစ်စုသည် တနင်္ဂနွေနေ့တိုင်းလိုလို အချိန်ပို ဆင်းနေရသဖြင့် ဘုရားကျောင်းသို့ ပုံမှန် မရောက်ဖြစ်ကြပေ။ ဘုရားကိုချစ်သော ဘုရားသားသမီးများ ပီပီ ဘုရားကျောင်း မရောက်ဖြစ်သော်လည်း ရှိသောနေရာတွင် အရိုးခံအတိုင်း ဘုရားဝတ်ပြုရန် အကြံရ၍ သောကြာနေ့ညတိုင်း အဆောင်နံဘေးမြက်ခင်းပေါ်တွင် ဝိုင်းထိုင်ကာ တစ်ယောက်တစ်လှည့် ဦးဆောင်ပြီး ဝတ်ပြုခဲ့ကြပါသည်။ ဘဝသမားများပီပီ အလှူငွေထဲ့ရန် အိတ်မရှိ၍ ဈေးဝယ်ရာတွင် ပေးလိုက်သော ကျွတ်ကျွတ်အိတ် တစ်လုံးလုံးကို အလှူငွေအိတ်အဖြစ် သုံးစွဲခဲ့ရပါသည်။

တစ်ခုသော သောကြာနေ့ ညနေခင်းတွင် ကောက်ခံ ရရှိသော အလှူငွေထဲ့ထားသည့် ကျွတ်ကျွတ်အိတ်ကို ဘဏ္ဍာထိန်းမှ သိမ်းဆည်းပြီး မိမိလွယ်နေကျ ကျောပိုး အိတ်အတွင်း ထဲ့ထားလိုက်ပါသည်။ ထို ဘဏ္ဍာထိန်းသည် မိမိ၏ သူငယ်ချင်း ၃ယောက်နှင့်အတူ နောက်တစ်နေ့ စနေနေ့ တွင် သူငယ်ချင်းတစ်ယောက်၏ မွေးနေ့ပွဲ ကျင်းပရာ ကမ်းခြေ စားသောက်ဆိုင် တစ်ခုသို့ သွား၍ စားသောက် ခဲ့ကြပါသည်။ ဘဏ္ဍာထိန်း ပါဝင်သော စားသောက်ဝိုင်းမှာ ညနက်သော် ပွဲကြမ်းလာပြီး တစ်ယောက်နှင့် တစ်ယောက်အပြိုင်အဆိုင် **cheer** လုပ်ကြ ပါသည်။




အိမ်ပြန်ချိန် ရောက်သော် **taxi** ကားပေါ်တွင် **cheer** အလုပ် များခဲ့သော ဘဏ္ဍာထိန်းမှာ ဥသြဆွဲကာ ဆန်ပြုတ်ရောင်း (အမူး လွန်၍ အော့အန်) ပါတော့သည်။ ကားပေမည် စိုး၍ ပါလာသော ကျွတ်ကျွတ်အိတ်တစ်လုံး အတွင်းသို့ အန်စေခဲ့ ရပါသည်။ ကားသမားက ပေကျံသွားသော မိမိကားကို ရေဆေးရန် ၁၀ဒေါ်လာ အပိုတောင်းရာ ပါလာသော သူငယ်ချင်းကောင်းများက ဝိုင်းဝန်း တောင်းပန်ပြီး ကားကို ရေဆေးပေးမှ ကျေအေး သွားပါတော့သည်။

သူငယ်ချင်းများက ဘဏ္ဍာထိန်းကို ဖေးမတွဲကူလျက် အဆောင်အတွင်း ဝင်မည်အပြု ဘဏ္ဍာထိန်းက "အန်ဖတ်ထဲ့တဲ့ ကျွတ်ကျွတ်အိတ် ဘယ်ရောက်သွားပြီလဲ"ဟု မေးရာ သူငယ်ချင်းများက ဒီကောင် အမူးလွန်ပြီး အန်ဖတ်တွေ ပြန်စား မလို့လား၊ အသောက်များပြီး ဂေါက်သွားပြီ လားဟု သံသယ ပွားနေကြပါသည်။ သူငယ်ချင်း တစ်ဦးက စိတ်တိုတိုနှင့် "အမှိုက်ပုံးထဲ ရောက်သွားပြီ ပေါ့ကွ" ဟုပြန်ဖြေလိုက်ပါသည်။

သူက "ဟာ အဲဒီအထဲမှာ ပိုက်ဆံတွေရှိတယ်ကွ" တဲ့။ ဟိုက် – ဘယ်ကနေ ဘယ်လို ပိုက်ဆံတွေက ကျွတ်ကျွတ်အိတ်ထဲ ရောက်နေရတာလဲ ပြန်ယူရမှာပေါ့ ဟုဆိုကာ ကပ်စေးနဲတတ်သော သူငယ်ချင်းတစ်ဦးက အမှိုက်ပုံးထဲ မွှေနှောက်ရာ စွန့်ပစ်စဉ်က သေသေချာချာ ချည်ခဲ့သော အန်ဖတ်များထဲမှ ပိုက်ဆံများကို ပြန်ရခဲ့ပါသည်။ ရွံရှာစွာနှင့် ခက်ခက်ခဲခဲ ပြန်ယူခဲ့ရသော ပိုက်ဆံများကို "မင်း ပိုက်ဆံတွေကို ငါ ခက်ခက်ခဲခဲ ယူခဲ့ရတဲ့အတွက် မင်းမယူနဲ့တော့၊ ငါဘဲ သုံးလိုက်တော့မယ်"ဟု ပြောရာ ဘဏ္ဍာထိန်း ပြန်ပြောလိုက်သော စကားကြောင့် သူငယ်ချင်းများအားလုံး ကြက်သေ သေသွားပါတော့သည်။ "အဲဒါ အလှူငွေတွေကွ"တဲ့။ ။

* ဇီးရိုး (Zero)

**Blue Stars Brother**

**000000000000000000000000000000000000000000000000000000000000000000000000**



## မြည်းကြီးကိုပြည့်လိုက်ပါ

"ဟောရှဏ္ဏ ဖြစ်စေသတည်း" ဆိုတဲ့ ကြွေးကြော်သံ၊ ဝှေ့ရမ်းနေတဲ့ သံလွင်ခက်၊ အုတ်အုတ် သည်းသည်း ဖြစ်နေတဲ့ ယေရုရှလင်မြို့တွင်း၊ ယေရှု မျက်ရည် ကျတော်မူခြင်း၊ လူအုပ်ကြီးနဲ့ တပည့်တော်များ – – ။ ဒါတွေ အားလုံးကို ကျွန်တော်တို့ သတိရကြ၊ မှတ်မိကြပါတယ်။ ဒါပေမဲ့ အဲဒီအဖြစ်အပျက်ထဲမှာ ပါဝင်နေတဲ့ မြည်းငယ်ငယ်လေး တစ်ကောင်ကိုတော့ သတိပြုမိကြမှာ မဟုတ်ပါဘူး။ ဒီ အဖြစ်အပျက်ထဲက ယေရှုခရစ်တော်ရဲ့ မိန့်မှာချက်နဲ့ စေခိုင်းချက်တွေကို မလေ့လာခင်မှာ မြည်းငယ်လေးရဲ့ အသက်တာကို ဆင်ခြင်ခွန်အားယူနိုင်ဖို့ ကျွန်တော်နဲ့ အတူ ဆက်လက် လေ့လာကြည့်ကြပါစို့။

ယေရှုက – ချည်နှောင်ထားတဲ့ မြည်းငယ်လေးကို သွားရှာပါလို့ ပြောပါတယ်။

မြည်းသတ္တဝါဟာ လူနဲ့ ကုန်ပစ္စည်းတွေကို သယ်ဆောင်ပြီး မိုင်တော်တော်ဝေးဝေးကို သွားနိုင်တဲ့ အစွမ်း ရှိပါတယ်။ ဒါပေမဲ့ ယေရှုက ချည်နှောင်ထားတဲ့ မြည်းငယ်ကို သူ့ဆီ ခေါ်ဆောင်လာဖို့ ပြောပါတယ်။ တကယ်တော့ သခင် ခေါ်ဆောင်ခိုင်းတဲ့ မြည်းငယ်ငယ်ဟာ သခင့်ရဲ့ ရည်မှန်းချက်ကို ပြည့်အောင် ဖြည့်နိုင်တဲ့ အရည်အချင်း မရှိပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ မြည်းဟာ ချည်နှောင်ခံထားရလို့ဘဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ လူသားတွေရဲ့ အသက်တာမှာလဲ ချည်နှောင်ခံထားတဲ့ အရာတွေ ရှိပါတယ်။

**စိတ်။** ချည်နှောင်ခံထားရတဲ့ စိတ်ကြောင့် လွတ်လွတ်လပ်လပ် စဉ်းစားတွေးခေါ်ခြင်း၊ လေ့လာသင်ကြားခြင်း၊ ခွဲခြမ်းစိတ်ဖြာခြင်း ဆိုတဲ့အရာတွေကို မလုပ်နိုင်ဘဲ တိုးတက်မှု ကင်းတဲ့သူတွေ ဖြစ်သွားနိုင်ပါတယ်။

**နှလုံးသား။** နှလုံးသားရဲ့ ခံစားချက်တွေကိုသာ ချည်နှောင်ထားမယ်ဆိုရင် ကိုယ်ကြိုက်နှစ်သက်တဲ့ သူတွေနဲ့ဘဲ ကိုယ့်စိတ်သဘော ထိတွေ့နိုင်မှာ ဖြစ်ပါတယ်။

**လျှာ။** လျှာဟာ လူမှုဆယ်ဆံရေးအတွက် အဓိက အစိတ်အပိုင်း ဖြစ်ပါတယ်။ လျှာနဲ့ တိုက်တွန်းနှိုးဆော်နိုင်တယ်၊ ညွှန်ကြားနိုင်တယ်။ အသနားခံနိုင်တယ်။ ခွင့်လွှတ်စကားပြောနိုင်တယ်။ သာယာတဲ့ စကားတွေကို ပြောနိုင်တော့မှာ

**စီးပွားရေး။** အတွေးအခေါ်၊ အကြံအစည်၊ ပေမဲ့ ထုံးပုံစဉ်လာ လုပ်ရိုးလုပ်စဉ်ထဲမှာ ချည်နှောင်ခံထား လုပ်ငန်း နယ်ပယ်ဟာ ကျယ်ပြန့်သင့်သလောက် မကျယ် ဘူး။ အဲဒီလို ဖြစ်နေမဲ့အစား ကျွန်တော်တို့ တူတဲ့ အရာတွေကို ရှာပြီး ဖြည်လွှတ်ပေးဖို့လိုပါလိမ့်မယ်။

တကိုယ်ကောင်း ဆန်ခြင်း၊ ရှုပါရုံ မရှိခြင်း၊ တွေက ကျွန်တော်တို့ ဘဝအတွက် အသုံးဝင်မဲ့

ယေရှုက ချည်ထားတဲ့ မြည်းကို ဖြည်လိုက်ဖို့ ချက်ကို လိုက်နာဖို့ စတင်လှုပ်ရှားတာကို တွေ့ရပါတယ်။ အသုံးပြုနိုင်ဖို့ ဖြည်လွှတ် လိုက်ခြင်းဟာ ဘုရားသခင့်

မြည်းဆိုတဲ့ သတ္တဝါဟာ ညစ်ပတ်တယ်၊ တယ်၊ ခေါင်းမာတယ်။ ဒါပေမဲ့ သခင်ယေရှုက အဲဒါကိုဘဲ

"သခင် အလိုရှိတယ်၊" သခင့်ထံတော်ကို သွားရမှာ ဖြစ်ပါတယ်။ လူနူတစ်ယောက်က သူ့ရဲ့ နူနာ မှတ်ဆိုးမ က အကြွေစေ့လေးဆိုတဲ့ မြည်းကို သံသယ စိတ်ဆိုတဲ့ မြည်းကို ယူဆောင်လာပါတယ်။



လျှာသာ ချည်နှောင် ခံထားရ မယ် ဆိုရင်တော့ ကြင်နာ မဟုတ်ပါဘူး။

ပေါင်းသင်းဆက်ဆံရေးတွေ တိုးတက်နိုင်ဖို့ အလားအလာရှိ ရတဲ့အတွက် ကျွန်တော်တို့ လုပ်ဆောင်နေတဲ့ စီးပွားရေး ပြန့်သလို အောင်မြင်သင့်သလောက်လဲ မအောင်မြင် နိုင်ခဲ့ပါ အသက်တာမှာ ချည်နှောင်ထားခြင်း ခံနေရတဲ့ မြည်းသတ္တဝါနဲ့

ယုံကြည်ခြင်း မရှိခြင်း၊ မာန်မာန ကြီးထွားခြင်းဆိုတဲ့ အရာ အရာတွေကို ပျက်ပြားသွားစေပါလိမ့်မယ်။

ပြောပါတယ်။ ဒီနေရာမှာ တပည့်တော်များက သခင့် စေခိုင်း ကျွန်တော်တို့ ပိုင်ဆိုင်ထားတဲ့အရာတွေကို လွတ်လွတ်လပ်လပ် ထံတော်ကို ယုံကြည်ခြင်းနဲ့ ချဉ်းကပ်လာခြင်းဘဲ ဖြစ်ပါတယ်။

အကောင် သေးညှက်တယ်၊ အတွေ့အကြုံ မရှိဘူး၊ အားနည်း လိုချင် ပါတယ်။

ရောက်လာသူတိုင်းဟာ သခင့်ရဲ့ ဘုန်းတော်ကို ထိတွေ့ ခံစား ရောဂါဆိုတဲ့ မြည်းကို သခင့်ဆီ ယူဆောင်လာပါတယ်။ သယ်ဆောင်လာပါတယ်၊ တမန်တော် သောမက ယုံမှား

ကျွန်တော်တို့ရဲ့ မြည်းတွေကို သခင့်ဆီ ယူဆောင်လာတဲ့အခါမှာ အသုံးမဝင်တဲ့ မြည်းဟာ အသုံးဝင်တဲ့ သတ္တဝါ ဖြစ်သွားမှာ ဖြစ်ပါတယ်။ ဘုရားသခင်က အသုံးပြုလိုက်တဲ့ အရာတိုင်းဟာ အရည်အသွေး တောက်ပြောင်လာပြီး အသုံးဝင်သွား ပါလိမ့်မယ်။

ပထမဦးဆုံး အနေနဲ့ သခင့်ထံတော်နဲ့ ဝေးသွားတဲ့ အရာတွေကို ရှာဖွေလေ့လာရမှာ ဖြစ်သလို ကောင်းကြီး ခံစားရဖို့၊ သန့်ရှင်းစင်ကြယ်ဖို့နဲ့ တိုးပွားများပြားလာဖို့အတွက် အဲဒီအရာတွေကို သခင့်ထံတော်သို့ ယူဆောင်လာရမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ရဲ့ မြည်းတွေကို မိမိဘာသာမိမိ တကိုယ်ကောင်းဆန်ခြင်း၊ မာနတရားတွေနဲ့ ချည်နှောင်ထားပါသလား၊ ဒါမှမဟုတ် အတတ်ပညာ၊ အရည်အချင်းတွေနဲ့ ချည်နှောင်ထားပါသလား။ နေ့စဉ် ကျွန်တော်တို့ ရှင်သန်မှုတိုင်းမှာ၊ လှုပ်ရှားတုန့်ပြန်မှုတိုင်းမှာ၊ ပေါင်းသင်းဆက်ဆံရေး နယ်ပယ်တိုင်းမှာ ကိုယ့်စိတ်သဘောနဲ့ကိုယ် ချည်နှောင်ထားမိကြပါသလား။ ရှာဖွေပါ၊ ဖြည်လျှော့လိုက်ပါ၊ ယေရှု ခရစ်တော်ထံ ယူဆောင်လာခဲ့ပါ။ ။

## သားတော်မောင်အလိမ္မာ

ဝန်ခံချက် – **Mrs Major Edith Pigford** ရေးသားသော **Consider The Donkey** အား ဆီလျော်အောင် မြန်မာဘာသာသို့ ပြန်ဆိုပါသည်။ )

***oooooooooooooooooooooooooooooooooooooooooooooooooooooooooooooo***

### ***ဆန်းဝေး - ၂***



လမ်းဘေးမှာ မှုးပြီး ပစ်လဲတာလဲ ဆန်းဒေးမှာပါ
ပန်းပေးကာ ရှူးပြီး အချစ်ရဲတာလဲ ဆန်းဒေးမှာပါ
လွမ်းတေးကဗျာ ကြူးပြီး အချစ်မြဲတာလဲ ဆန်းဒေးမှာပါ

ဘုရားကျောင်းမှာ ဆုံတာလဲ ဆန်းဒေးမှာပါ
အမှားပေါင်းစုံ ကြုံတာလဲ ဆန်းဒေးမှာပါ ။
(အက်စ်စီ)

***oooooooooooooooooooooooooooooooooooooooooooooooooooooooooooooo***

သင်သည် ဆုတောင်းခြင်း၌ ရင့်ကျက်သူတစ်ဦးဖြစ်လိုလျှင် –
ဆုတောင်းခြင်းဖြင့်ပျော်ရွှင်ပါ။

မေတ္တာပြ ချစ်ခင်ပါ။

ငြိမ်သက်ချမ်းသာခြင်းရမည်။

မဖြစ်နိုင်ဘူးဟု မပြောပါနှင့်၊ အဖသည် သားသမီးတို့ လိုသမျှကို သိသကဲ့သို့၊ ကောင်းကင်ဘုံရှင် အဖသည် သာ၍ သိတော်မူ၏။
တိတ်ဆိတ်ငြိမ်သက်စွာဖြင့် ဆုတောင်းခြင်းကို အစပြုပါ။ ဘုရားရှင်အား သင့်နှလုံးသားဖြင့် ငြိမ်သက်စွာ စကားပြောပါ။
ပြီးလျှင် သင့်နှုတ်မှ ကောင်းမြတ်တော်မူသော အရှင်အား ချီးမွမ်းပါ။
ဘုရားရှင် ပြောသမျှကို ပြန်၍ နားထောင်ပါ။
ကျွန်ုပ်တို့ နှုတ်နှင့် နှလုံးသားမှ ပြည့်လျှံကျလာသော စကားလုံးများကို ဘုရားရှင် နားထောင်လိမ့်မည်။
သို့သော် အဖဘုရားရှင် ပြောကြားလိုသော စကားများကို သင်သည် ပြန်လည်နားထောင်ရန် အရေးကြီးသည်။ အဖဘုရားရှင်နှင့် ကျွန်ုပ်တို့သည် နှစ်ဦးနှစ်ဘက် နားထောင်ခြင်းနှင့် ပြောဆိုခြင်းဖြင့် ဆက်သွယ်ကြလျှင် အမှန်တကယ် ဆုတောင်းခြင်း၌ ရင့်ကျက်သူတစ်ဦး ဖြစ်လာလိမ့်မည်။

မလေး (ဂျူလိုင်)

oooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooo

## ဆန်းဒေး - ၁

တချိန်ကဆို သူ့ရဲ့ ရင်ထဲ
ဆန်းဒေးဆိုရင် ဘုရားကျောင်းကို
အမြဲလိုလို ရောက်ခဲ့ဖူးတယ်။
        အချိန်တွေကြာ၊ ရာသီကွာတော့
        သူ့ရဲ့ စိတ်လဲ ပြောင်းသွားခဲ့ပြီလေ။
ခုများမှာတော့ ဆန်းဒေး အပါတ်တိုင်း
အိုဗာတိုင်သွား တွက်ထားပုံက
စင်ကာပူဒေါ်လာ နှစ်ဆ နှစ်ဆ သူလေ ရ ။
မ’နောက် လိုက်သွား ဈေးဝယ်သွားကာ
ဘီယာ ယမကာ ကိုကိုမြာ။
        ဩော် – သူ့ရဲ့ရင်မှာ
        ဘုရားကျောင်းကို မရောက်ဖြစ်တာ
        ဘယ်လောက်ကြာမှန်း မေ့နေပုံက
        မနက်ဖြန်ဆိုရင် ပွဲတော် ရောက်မှ သတိရတယ်။
သူ့ရဲ့ ဘဝ သေချာတွက်တော့
သူ့ရဲ့ ပညာ အရည်အချင်းနဲ့များ
‘စလုံး’ ကိုရောက် ဘုံမြောက်ပုံက
သနားစရာ ဘုရားသခင် ကောင်းကြီးပေးတာ
မေ့နေလျော့သလား၊ သကောင့်သား။ ။



( စိုးစိုးလှိုင် ) – ချောက်သား

ooo ooo oooooo ooo ooo

## တကောက်ကောက်



လမ်းတလျှောက် တကောက်ကောက် လိုက်ခွင့်ပြုပါအရှင်၊
သခင်သွားရာ၊ သခင်စားရာ၊ သခင်လုပ်ဆောင်ရာ၊ အရာရာတိုင်း
ဖူးမျှော်ခွင့် ရစေအလို့ငှာ ၊ တကောက်ကောက် လိုက်ခွင့်ပြုပါအရှင် ။
သခင်နဲ့သာ ဆိုရင် –
ဝေဒနာ မောဟ ရှင်းစေ ၊
ဘယာ သောက ကင်းစေ ၊
အနာရောဂါ ငြိမ်းစေ ။
သခင်နဲ့သာ ဆိုရင် –
လှိုင်းကြမ်းစေ ၊ ရေလွှမ်းစေ ။
မီးကျွမ်းစေ ၊ နှင်းဖြန်းစေ ။
ရွှံ့ကျုံစေ ၊ သဲမွှန်စေ ။
သခင်သွားရာ တကောက်ကောက် လိုက်လျှောက်ခွင့် ပြုပါအရှင် ။
သခင်ကျွေးသော အသက်မုန့် စားခွင့်ပြုပါအရှင် ၊
သခင်တိုက်သော သက်စမ်းရေ သောက်ခွင့်ပြုပါအရှင် ၊
သခင်တက်သော ကားတိုင် ထမ်းခွင့်ပြုပါအရှင်၊
သခင်မြန်းရာ ရွှေပြည်နန်း လှမ်းခွင့်ပြုပါ အရှင်။ ။ ( လူရှင် )